# ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၀။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကိုပြင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ အက်ဥပဒေ၌ ပုဒ်မ ၂ တွင်—

(က) အပိုဒ် (၂)၊ အပိုဒ်ခွဲ (ဆ) ၌ " ပရပိုက်စာပေ "ဆိုသည့် စကားရပ်နောက်တွင် " လက်ရေးစာပေ "၊ " ပုံနှိပ်စာပေ " ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အပိုဒ် (၃) အစား၊ အောက်ပါကို အပိုဒ် (၃) အဖြစ်ထည့်သွင်း ရမည်။

" (၃) 'ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သောအဆောက်အဦ 'ဆိုသည်မှာ၊ ပုဒ်မ ၁၁ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦ အဖြစ်ကြေညာထားသော အဆောက်အဦကိုဆိုလိုသည်။"

၃။ ။အဆိုပါ အက်ဥပဒေတွင် " ဇယားဝင်အဆောက်အဦ " ဆိုသည့် စကားရပ်ပါရှိသည့် နေရာတိုင်း တိုစကားရပ်အစား၊ " ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦ " ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၇ တွင်၊ ပုဒ်မခွဲ (၅) အစား၊ အောက်ပါ ကို ပုဒ်မခွဲ (၅) အဖြစ် ထည့်သွင်းရမည်။

" (၅) မည်သူမဆို၊ ပုဒ်မခွဲ (၁) ကို ဆန့်ကျင်လျက်၊ ရှေးဟောင်း ဝတ္ထုပစ္စည်းကို၊ ပြည်ပသို့ထုတ်ဆောင်လျှင်၊ သို့တည်းမဟုတ် ထုတ်ဆောင်ရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် ထုတ်ဆောင် ရန် အားပေးကူညီလျှင်၊ အခြားတည်ဆဲတရားဥပဒေကို၊ မထိ ခိုက်စေဘဲ၊ ခြောက်လထက်မနည်း၊ သုံးနှစ်ထက် မပိုသော

အလုပ်ကြမ်းနှင့်ထောင်ဒဏ် စီရင်ခြင်းခံရမည့်ပြင်၊ ကျပ်ငါးရာ ထက်မနည်း၊ ကျပ်ငါးထောင်ထက် မပိုသော ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။''

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၁ တွင်၊ ပုဒ်မခွဲ (၆) နောက်၌အောက်ပါကို ပုဒ်မခွဲ (၇) အဖြစ် ထည့်သွင်းရမည်။

"(၇) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များတွင်၊ မည်သို့ပင် ပါရှိစေကာမူ၊ ၁၈၈၆ ခုနှစ်မတိုင်မီကတည်းရှိနေသော ရှေးဟောင်းအဆောက်အဦများကို၊ ဤပုဒ်မအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများ အဖြစ် ကြေညာပြီးဖြစ်သည်ဟု မှတ်ယူရမည်။''

၆။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၂၀ အစား၊ အောက်ပါကို ပုဒ်မ ၂၀ အဖြစ်ထည့်သွင်းရမည်။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများ ပြုပြင်မှုနှင့် အနီးအနားတွင် အဆောက်အဦ သစ်ဆောက်လုပ်မှုကို တားမြစ်ခြင်း။

"၂၀။ ။(၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရ၏ ခွင့်ပြုချက် မရှိဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက်အဦ၏ ဥပစာအတွင်း၌ဖြစ်စေ၊ အနီးအနား၌ဖြစ်စေ၊ အဆောက်အဦ သစ်မဆောက်လုပ်ရ၊ သို့တည်းမဟုတ် ထိုအဆောက်အဦကို မပြုပြင်ရ။

(၂) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကိုကျူးလွန်လျှင်၊ သုံးလထက်မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည့်ပြင်၊ ထိုသို့ကျူးလွန်ခြင်းကြောင့် ယင်းအဆောက်အဦပျက်စီးလျှင်၊ ပျက်စီးသည့် တန်ဘိုးအတွက် လျော်ကြေးကိုလည်း ပေးရမည်။

(၃) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်၍ သူတဦးဦးဆောက်လုပ်ထားသော မည်သည့်အဆောက်အဦကိုမဆို သီးခြားစေ၊ ပြုထားသည့် ကာလ အပိုင်း အခြားအတွင်း ရွှေ့ပြောင်းရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့် ဖြင့်ညွှန်ကြားနိုင်သည်။ ထိုသူက အဆိုပါအမိန့်ကို လိုက်နာရန် ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် ပျက်ကွက်လျှင်၊ ကော်လိတ်တော်

အရာရှိသည်၊ အဆိုပါအဆောက်အဦကိုရွှေပြောင်းစေနိုင်သည်။ ထိုသို့ ရွှေပြောင်းရာတွင် ကုန်ကျသည့်စရိတ်ကို၊ ထိုသူကပေးဆောင်ရမည်။''

၇။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၂၁ အစား၊ အောက်ပါကို ပုဒ်မ ၂၁ အဖြစ်ထည့်သွင်းရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရ ကကာကွယ် စောင့် ရှောက်သော အဆောက် အဦ၏ ပတ်ဝန်းကျင် အနီးအနားတွင် ခွင့်ပြုချက် မရှိဘဲ၊ ဓါတ်သတ္တု တူးဖေါ်ခြင်းစသည်တို့ကို မပြုလုပ်ရခြင်း။

''၂၁။ ။(၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၏ ခွင့်ပြုချက် မရှိဘဲ၊ ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက် အဦ၏ ပတ်ဝန်းကျင်အနီးအနားတွင် ဓါတ်သတ္တုတူးဖေါ်မှု၊ ရေနံဓါတ်တူးဖေါ်မှု၊ ကျောက်တူးမှု၊ သို့တည်းမဟုတ် မြေတူးမှု မပြုလုပ်ရ။ ထို့ပြင် ထိုအဆောက်အဦ၏ ပတ်ဝန်းကျင်တွင်၊ တူးဖေါ်ရာ၌အသုံးပြုသော ယာဉ်အမျိုးအစားနှင့် အချိန်အတွယ်အလိုက်၊ အန္တရာယ်သင့်စေနိုင်သည့် အကွာအဝေးအတွင်း၊ ဖေါက်ခွဲမှုကိုမပြုလုပ်ရ။

ရှင်းချက်။ ။ဤသို့ရာတွင်၊ ဤပုဒ်မခွဲပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ၊ ထိုအဆောက်အဦ၏ ပတ်ဝန်းကျင် အနီးအနားတွင် သယ်ယာစိုက်ပျိုးလုပ်ကိုင်ရေး ကိစ္စအလို့ငှါ၊ မြေတူးခြင်းကို တားမြစ်သည်ဟုမမှတ်ယူရ။

(၂) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင်၊ သုံးလထက်မနည်း၊ ခြောက်လထက်မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ခြင်းခံရမည့်ပြင်၊ ထိုသို့ ကျူးလွန်ခြင်းကြောင့် ထိုအဆောက်အဦ ပျက်စီးလျှင်၊ ပျက်စီးသည့် တန်ဘိုးအတွက် လျော်ကြေးကိုလည်းပေးရမည်။''

၈။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၃ တွင်၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

ပြစ်ဒဏ်များ။

''(၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက် ထားသော အဆောက်အဦ ဟခုခုကိုဖျက်ဆီး

ထိုအဆောက်အဦ၏ ဥပစာအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းတခုခုကိုသော်၎င်း၊ ပုဒ်မ ၄ (ခ) အရ၊ ညွှန်ကြားရေးဝန်ကထိန်းသိမ်းသူအဖြစ်တာဝန်ယူ၍ ပြုပြင်ထားရှိသောရှေးဟောင်းဝတ္ထုပစ္စည်းတခုခုကိုသော်၎င်း၊ တမင်ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းလျှင်၊ သို့တည်းမဟုတ် ထိခိုက် ချွတ်ယွင်းစေလျှင်၊ သို့တည်းမဟုတ်ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် အသွင်ပျက်စေလျှင်၊ သို့တည်းမဟုတ် ဘေးအန္တရာယ် ဖြစ်စေလျှင်၊ သို့တည်းမဟုတ် တူးဖေါ်လျှင် ခြောက်လထက်မနည်း၊ သုံးနှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်စီရင်ခြင်း ခံရမည့်ပြင်၊ ကျပ်ငါးရာထက်မနည်း၊ ကျပ်ငါးထောင်ထက် မများသော ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။''